# မေးခွန်း နှင့် အဖြေများ
# ဝက်တုတ်ကွေး နှင့် အသင်
### ရောဂါထိန်းချုပ်ရေး နှင့် ကာကွယ်ရေးဗဟိုဌာနမှရည်ညွှန်းကိုးကားပါသည်၊

**ဝက်တုတ်ကွေး ဆိုတာဘာလဲ။** ဝက်တုတ်ကွေး (စွိုင်း ဖလူး) ဆိုသည်မှာ၊အမျိုးအစား (A) တုတ်ကွေးရောဂါပိုးကြောင့်၊ဝက်တို့တွင်ဖြစ်ပွားသော အသက်ရှုခြင်းနှင့်ဆိုင်သည့်ရောဂါဖြစ်ပါသည်၊ ရုတ်တရက်ဖြစ်ပွားသည့် ထို တုတ်ကွေးရောဂါမှာပုံမှန်အားဖြင့် ဝက်တို့တွင်ဖြစ်ပွားလေ့ရှိပါသည်၊ ယေဘူယျအားဖြင့် ဝက်တုတ်ကွေးကိုလူတို့ မရရှိတတ်ပါ၊ သို့ရာတွင် လူတို့အားကူးစက်ပြန့်ပွားမှုဖြစ်ပေါ်နိုင်ပါသည်၊ အများအားဖြင့် ဝက်နှင့် အနီးကပ်နေသောလူတို့တွင် ဝက်တုတ်ကွေးရောဂါရရှိတတ်သည် ဆိုသော်လည်း လူတစ်ဦးမှတစ်ဦးသို့လည်းဝက်တုတ်ကွေးရောဂါ ကူးစက်ပြန့်ပွားတတ်ပါသည်။

**လူတို့တွင်ကူးစက်ပြန့်ပွားသည့်ဝက်တုတ်ကွေးရောဂါအမေရိကန်ပြည်ထောင်စုတွင်ရှိပါသလား။**
၂၀၀၉ ခုနှစ် မတ်လကုန်ပိုင်းနှင့်ဧပြီလဆန်းပိုင်းလောက်တွင်၊ကယ်လီဖိုးနီးယားမြောက်ပိုင်း၊စန်အန်တိုနီယို အနီးတဝိုက် နှင့် တက်ဆပ် ပြည်နယ်တို့တွင် ဝက်တုတ်ကွေး A (H1N1) ကူးစက်ရောဂါ လူတို့တွင်ဖြစ်ပွားကြောင်း သတင်းပေးပို့မှုရှိခဲ့ပါသည်။ ရောဂါထိန်းချုပ်ရေး နှင့်ကာကွယ်ရေးဗဟိုဌာန (CDC) နှင့် ဒေသနှင့်ပြည်နယ်ကျန်းမာရေးကိုယ်စားလှယ်ဌာနများ က ထိုအခြေအနေကို စုံစမ်းစစ်ဆေးရန် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

**ဝက်တုတ်ကွေးရောဂါလွယ်လွယ်နှင့်ကူးစက်ပြန့်ပွားနိုင်ပါသလား။**
ရောဂါထိန်းချုပ်ရေး နှင့်ကာကွယ်ရေးဗဟိုဌာန (CDC) က ဝက်တုတ်ကွေးရောဂါမှာ လူတစ်ဦးမှတစ်ဦး သို့ အလွယ်တစ်ကူပြန့်ပွား ကူးစက်နိုင်သည်ဟုဆုံးဖြတ်ပါသည်၊ သို့ရာတွင် လူတို့အကြား ရောဂါမည်၍မည်မျှလွယ်ကူစွာပြန့်ပွားကူးစက်နိုင်သည်ကိုမူလောလောဆယ်သိရှိနိုင်ခြင်းမရှိပါ။

**လူတို့တွင်ဖြစ်ပွားသည့်ဝက်တုတ်ကွေးရောဂါ၏သွင်ပြင်လက္ခဏာများမှာအဘယ်နည်း။**ဝက်တုတ်ကွေးရောဂါ၏ သွင်ပြင်လက္ခဏာများမှာ လူတို့တွင်ဖြစ်ပွားလေ့ရှိသည့် သာမန်တုတ်ကွေးရောဂါနှင့် အလားတူဖြစ်ပါသည်၊ သာမန်တုတ်ကွေးရောဂါကဲ့သို့ပင် ကိုယ်ပူ၊ချောင်းဆိုး၊လည်ချောင်းနာ၊ ကိုယ်ခန္ဓာကိုက်ခဲ၊ခေါင်းကိုက်၊ချမ်းတုန်ချမ်းဖျား နှင့် ပင်ပန်းနွမ်းနယ်မှုတို့ဖြစ်ပေါ်ပါသည်၊ အချို့သောသူများတွင်ဝက်တုတ်ကွေးကြောင့်ဝမ်းလျှောခြင်းနှင့်ပျို့အန်ခြင်းတို့ဖြစ်ပွားကြောင်း သတင်းရရှိပါသည်၊ ဝက်တုတ်ကွေးရောဂါရပြီး ရောဂါပြင်းထန်မှုကြောင့် (အဆုတ်ရောင်ပြီးအသက်ရှုလမ်းကြောင်းချွတ်ယွင်းမှုကြောင့်) သေဆုံးမှုများ ရှိကြောင်း ယခင်က သတင်းပို့မှုများရှိခဲ့ပါသည်၊ ရာသီကြောင့်ဖြစ်ပွားသည့်တုတ်ကွေးရောဂါကဲ့သို့ ဝက်တုတ်ကွေးရောဂါ ကလည်း ကျန်းမာရေးအခြေအနေကိုပြင်းပြင်းထန်ထန်ဆိုးဝါးစေနိုင်ပါသည်။

**ဝက်တုတ်ကွေးရောဂါပြန့်ပွားမှုမည်မျှပြင်းပြင်းထန်ထန်ဖြစ်ပွားနိုင်ပါသလဲ။**
ရာသီကြောင့်ဖြစ်ပွားသည့်တုတ်ကွေးကဲ့သို့ ဝက်တုတ်ကွေးရောဂါကူးစက်ပြန့်ပွားမှုမှာလည်း သာမန်အဆင့်မှဆိုးဆိုးဝါးဝါးအခြေအနေအထိဖြစ်ပွားနိုင်ပါသည်၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ဇန္နဝါရီလအတွင်း ဝက်တုတ်ကွေးရောဂါလူတွင်ဖြစ်ပွားမှု ၁၂ ခုရှိခဲ့ကြောင်းသတင်းရရှိပြီး လူအသေအပျောက်မရှိခဲ့ပါ၊ သို့ရာတွင်ဝက်တုတ်ကွေးရောဂါကူးစက်ပြန့်ပွားမှုမှာဆိုးဆိုးဝါးဝါးဖြစ်နိုင်ပါသည်၊ ၁၉၈၈ ခုနှစ် စက်တဘ်ာလက အသက် ၃၂ နှစ်အရွယ်ရှိ မူလကကျန်းမာသည့် ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦး ဝစ်စ်ကွန်စင် ဆေးရုံသို့ တက်ရောက်ခဲ့ပါသည်၊ ဖြစ်ပွားသည့်ရောဂါမှာ ဝက်တုတ်ကွေး ကူးစက်ခံရမှုကြောင့် အဆုတ်ရောင်ရောဂါရရှိခဲ့ခြင်းဖြစ်ပြီး ၈ နှစ်အကြာ တွင် သေဆုံးခဲ့ပါသည်၊ ဖေါ့တ်ဒစ် နှင့် နယူးဂျာစီ တွင် ၁၉၇၆ ခုနှစ် ၌ ရုတ်တရက်ဖြစ်ပွားသည့် ဝက်တုတ်ကွေးရောဂါအမှုပေါင်း ၂၀၀ ကျော်ရှိခဲ့ပြီး လူတော်တော်များများတွင် ‌ရောဂါပြင်းထန်ခဲ့ကာ အသေပျောက် တစ်ဦးရှိခဲ့ပါသည်။

**ဝက်တုတ်ကွေးကိုအသင်ဘယ်လိုကူးစက်ရရှိနိုင်သလဲ။**
ဝက်တုတ်ကွေးရောဂါကူးစက်ပြန့်ပွားမှုမှာ နည်းလမ်း နှစ်မျိုးမှာ–

- ရောဂါရှိနေသည့်ဝက်မှလည်းကောင်း၊ဝက်တုတ်ကွေးရောဂါပိုးကြောင့်မသန့်မရှင်း ဖြစ်နေသည့် ပါတ်ဝန်းကျင် မှ့လည်းကောင်း ထိစပ်ဆက်သွယ်မှုကြောင့်ကူးစက်ခြင်း၊
- ဝက်တုတ်ကွေးဖြစ်ပွားသူနှင့်ထိစပ်ဆက်သွယ်မှုကြောင်.ကူးစက်ခြင်း၊လူတစ်ဦးမှတစ်ဦးကူးစက် ပြန့်ပွားသည့်မှတ်တမ်းရှိခဲ့ပြီး ရာသီကြောင့်ဖြစ်ပွားသည့်တုတ်ကွေး ကဲ့သို့ကူးစက်မှုဖြစ်ကြောင်း ယူဆရပါသည်၊ ချောင်းဆိုးခြင်း၊နှာချေခြင်းတို့ကြောင့် တုတ်ကွေးရောဂါတစ်ဦးမှတစ်ဦးကူးစက် ပြန့်ပွားသည်ဟုတွေးခေါ်ကြပါသည်။

**ဝက်တုတ်ကွေးရောဂါကုသရန်ဆေးဝါးရှိပါသလား။** ရှိပါသည်။ ရောဂါထိန်းချုပ်ရေး နှင့်ကာကွယ်ရေးဗဟိုဌာန (CDC) က၊ အော်စယ်လ်တမ်မယ်ဗာ (oseltamivir) သို့မဟုတ် ဇန်နမ်မီဗာ (zanamivir) တို့ကို ဝက်တုတ်ကွေးရောဂါကုသရေး နှင့် ကာကွယ်ရေး တို့အတွက် သုံးစွဲရန် ထောက်ခံထားပါသည်။ ဆရာဝန်ဆေးညွှန်းလိုအပ်သည့် မူးယစ်ဆေးဝါးဖြင့်ပြုလုပ်ထားသော ဗိုင်းရပ်စ်ပိုးကိုသတ်ဖြတ်သည့် ဆေးဝါး (ဆေးပြားဆေးတောင့်၊ဆေးရည်၊ရှူဆေး) များ က တုတ်ကွေးပိုးများ လူ၏ခန္ဓာကိုယ်အတွင်း ပေါက်ဖွားမျိုးပွားခြင်းမှကာကွယ်ပေးပါသည်။ အသင်ဖျားနာပါက၊ ဗိုင်းရပ်စ်ပိုးကိုသတ်ဖြတ်သည့် မူးယစ်ဆေးဝါး ဆေးများကို သုံးစွဲခြင်းဖြင့် သင်၏ဖျားနာမှုကို လျော့ပါးအောင်၊ မြန်မြန်ဆန်ဆန်သက်သာအောင်ဆောင်ရွက်ပေးပါသည်။ ထိုဆေးဝါးများက ပြင်းထန် ပြီး ကုသရန်ခက်ခဲသောတုတ်ကွေးတို့မှလည်း ကာကွယ်ပေးနိုင်ကောင်းပါသည်။ ကုသမှုနှင့်ပါတ်သက်ပြီး မူးယစ်ဆေးဝါးဖြင့်ပြုလုပ်ထားသော ဗိုင်းရပ်စ်ပိုးကိုသတ်ဖြတ်သည့် ဆေးဝါး များကို ဖျားနာမှုဖြစ်ဖြစ်ခြင်း စောစောသုံးစွဲပါက ပိုမိုထိရောက်နိုင်ပါသည်။(ရောဂါလက္ခဏာပြပြီး ၂ ရက်အတွင်း)။

**ရောဂါဖြစ်ပွားသူကဘယ်လောက်ကြာအောင်အခြားသူများအားရောဂါကူးစက်စေနိုင်ပါသလဲ။**
ဝက်တုတ်ကွေးရောဂါဖြစ်ပွားသူတွင်ရောဂါလက္ခဏာပြသ နေသေးသ၍ ရောဂါကူးစက်ပြန့်နှံ့စေနိုင်သည့်အပြင် တုတ်ကွေးရရှိပြီးနောက် ၇ ရက်အတွင်း လည်း ရောဂါပြန့်ပွားကူးစက်စေနိုင်ပါသည်၊ ကလေးများ အထူးသဖြင့် ပိုမိုငယ်ရွယ်သည့်ကလေးသူငယ်များ က ကာလပိုမို ကြာရှည်စွာ ရောဂါကူးစက်ပြန့်ပွားနိုင်ခြေရှိပါသည်။

**ရောဂါမဖြစ်ပွားအောင်မိမိကိုယ်ကိုဘယ်လိုကာကွယ်ရမလဲ။**
လောလောဆယ် ဝက်တုတ်ကွေးမဖြစ်အောင်ကာကွယ်နိုင်သည့်ကာကွယ်ဆေးမရှိသေးပါ၊ အသက်ရှုမှုအခက်ခဲဖြစ်စေသောတုတ်ကွေးကဲ့သို့ဖျားနာမှုကိုဖြစ်စေသည့်ရောဂါပိုးမွှားများကိုနေ့စဉ်လှုပ်ရှား ဆောင်ရွက်မှုများဖြင့် ကာကွယ်နိုင်ပါသည်၊ သင်၏ကျန်းမာရေးကိုစောင့်ရှောက်ရန်အောက်ပါတို့ကိုနေ့စဉ် ဆောင်ရွက်ပါ–

- နှာချေ ချောင်းဆိုးသည့်အခါတစ်ရှူးပေပါဖြင့်သင်၏နှာခေါင်းနှင့် ပါးစပ်ကိုဖုံးကွယ်ပါ၊ သုံးစွဲပြီးသည့်တစ်ရှူးကို အမှိုက်ပုံးထဲသို့ထည့်ပါ၊
- လက်ကိုမကြာခဏ အထူးသဖြင့် နှာချေချောင်းဆိုးပြီးနောက် ဆပ်ပြာ၊ရေ၊တို့ဖြင့်ဆေးကြောပါ၊ အရက်ကိုအခြေခံပြုလုပ်သည့်လက်ဆေးရည်များက ပိုမိုထိရောက်မှုရှိပါသည်၊
- ဖျားနာသူများနှင့်နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ၊
- အသင်ဖျားနာပါက၊ အလုပ်၊ကျောင်းတို့ကိုမသွားဘဲအိမ်မှာပင်နေပြီး အခြားသူများနှင့်ထိတွေ့ဆက်ဆံမှုကိုကန့်သတ်ကာ၊ရောဂါမပြန့်ပွားအောင်နေရန် CDC က အကြံပြုပါသည်၊ မျက်လုံး၊နှာခေါင်း၊ပါးစပ်တို့ကိုမထိမိအောင်ရှောင်ပါ၊ ရောဂါပိုးမွှားများဤနည်းဖြင့်ပြန့်နှံ့ပါသည်။

**ဖျားနာခဲ့ပါကဘာလုပ်သင့်သလဲ။**
စန်ဒီရေဂို ကောင်တီ၊ အင်ပီရီရယ် ကောင်တီ ကယ်လီဖိုးနီးယား၊ သို့မဟုတ်၊ ဂွါဒါလု ကောင်တီ၊တက်ဆပ် တို့တွင် နေထိုင်ပြီး တုတ်ကွေးလက္ခဏာများ–အဖျား၊ကိုယ်ခန္ဓာကိုက်ခဲ၊နှာရေယို၊လည်ချောင်းနာ၊ မူးဝေ၊ ပျို့အန် သို့မဟုတ် ဝမ်းလျှော ဖြစ်လာပါက အထူးသဖြင့် သင်၏ရောဂါလက္ခဏာများနှင့်ပါတ်သက်ပြီး ပူပင်ကြောင့်ကြမှုရှိပါက၊ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ဌာနသို့ ဆက်သွယ်လိုကဆက်သွယ်နိုင်ပါသည်၊ သင်၏ကျန်းမာရေးစောင့်ရှောက်ပေးသူက တုတ်ကွေးရောဂါစမ်းသတ်စစ်ဆေးမှုပြုလုပ်မည်၊ သို့မဟုတ် ကုသမှုလိုအပ်မည် စသဖြင့်ဆုံးဖြတ်ပေးပါလိမ့်မည်။

သင်ဖျားနာပါကအိမ်မှာပဲနေပြီး ရောဂါမကူး စက်အောင် အခြားသူများ နှင့်ထိတွေ့ဆက်ဆံခြင်း မှတတ်နိုင်သမျှရှောင်သင့်ပါသည်။

ဖျားနာလာပြီးအောက်ပါသတိပေးလက္ခဏာများကိုခံစားကြုံတွေ့လာရပါက၊ဆေးဝါးကုသစောင့်ရှောက်မှုကိုအမြန်ဆုံးရှာဖွေရယူပါ။

**ကလေးငယ်များ** –အမြန်ဆုံးအရေးပေါ်ဆေးဝါးစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သတိပေး လက္ခဏာများ ပြသလာသည့် အခြေနေများမှာ–

- အသက်ရှုမြန်ခြင်း သို့မဟုတ် အသက်ရှုရန်ခက်ခဲခြင်း
- အသားအရောင်အပြာရောင်သန်းခြင်း
- အရည်ကိုလုံလောက်အောင်မသောက်ခြင်း
- မနိုးထခြင်း သို့မဟုတ် တုန့်ပြန်မှုမပြုခြင်း
- ကလေးမှာ စိတ်ဆိုးစိတ်ရှုပ်ပြီး အချီအပွေ့မခံလိုခြင်း
- တုတ်ကွေးလက္ခဏာများလျှော့ပါးလာသော်လည်း အဖျားပြန်တက်လာပြီး ပိုမိုချောင်းဆိုးလာခြင်း
- အဖျားနှင့်အတူအဖုအပိန့်များထွက်လာခြင်း

**လူကြီးများ–** အမြန်ဆုံးအရေးပေါ်ဆေးဝါးစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သတိပေးလက္ခဏာများပြသလာသည့်အခြေနေများမှာ–

- အသက်ရှုရန်ခက်ခဲခြင်း သို့မဟုတ် အသက်ရှုတိုတောင်းခြင်း
- ရင်ခေါင်းရင်ဘတ်တို့တွင် နာကြင်ခြင်း၊ ဖိကြပ်ခြင်း
- ရုတ်တရက်မူးဝေခြင်း
- စိတ်ရှုပ်ခြင်း
- ပြင်းပြင်းထန်ထန် သို့မဟုတ် ထပ်ခါတလဲလဲ ပျို့အန်ခြင်း။

## ဝက်သားစားခြင်း သို့မဟုတ် ဝက်သားချက်ပြုတ်ခြင်းကြောင့် ဝက်တုတ်ကွေး ရောဂါ ရနိုင်ပါသလား။

မရနိုင်ပါ။ ဝက်တုတ်ကွေးရောဂါမှာ အစားအသောက်ကြောင့်ကူးစက်ပြန့်ပွားခြင်းမရှိပါ၊ ဝက်သားစားခြင်း၊ဝက်သားချက်ပြုတ်ခြင်းတို့ကြောင့်အသင်ဝက်တုပ်ကွေးရောဂါမရနိုင်ပါ၊ကောင်းမွန်စွာချက်ပြုတ်လုပ်ကိုင်ထားသော ဝက်သားနှင့်ဝက်သားဖြင့်ပြုလုပ်သောအစားအသောက် များမှာ ဘေးရန်ကင်းပါသည်။

သတင်းအချက်အလက်များပိုမိုသိရှိလိုပါက အင်တာနက်စာမျက်နှာ http://www.cdc.gov/flu/swine/ သို့သွားရောက်ကြည့်ရှုနိုင်ပါသည်၊ သို့မဟုတ် CDC ဖုံးနံပါတ် 800–CDC-INFO (အင်္ဂလိပ် နှင့် စပိန်) သို့မဟုတ် 888-232-6348 (TTY) သို့ဖုန်းခေါ်ပါ။